# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် တိုင်တန်းချက်များလက်ခံခြင်း

# သတင်းထုတ်ပြန်ချက်အမှတ် (၁/၂၀၁၁)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများ မြှင့်တင်ရေးနှင့် ကာကွယ်ရေးတို့ကို ဆောင်ရွက်ရန်အလို့ငှာ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်ကိုဖွဲ့စည်း၍၎င်းကော်မရှင်ရုံးကို ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ပြည်လမ်း၊ အမှတ်(၂၇)တွင် ဖွင့်လှစ်ထားရှိပြီး ဖြစ်ပါသည်။

၂။ နိုင်ငံသားတစ်ဦးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏မူလအခွင့်အရေးကို ဖောက်ဖျက်ခံရပါက အောက်ဖော်ပြပါအချက်အလက်များ ပြည့်စုံစွာ ဖော်ပြလျက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ တိုင်တန်းနိုင်ပါသည်-

(က) တိုင်တန်းသူ၏ အမည်၊ နေရပ်လိပ်စာနှင့် ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ (ဖုန်း၊ ဖက်စ်နှင့် e-mail တို့ရှိပါလျှင် ထည့်သွင်း ဖော်ပြပါရန်)၊

(ခ) တိုင်းတန်းသူသည် မည်ကဲ့သို့ မူလအခွင့်အရေး ဖောက်ဖျက်ခံရသည်ကို အချက်အလက်များ ပြည့်စုံစွာ ဖော်ပြရန်၊

(ဂ) တိုင်တန်းဖော်ပြချက်သည် မှန်ကန်စွာ ရေးသားဖော်ပြခြင်းဖြစ်ကြောင်း ဝန်ခံချက်ပြု၍ လက်မှတ်ရေးထိုးရန်၊

၃။ တိုင်တန်းချက်ကိုတိုင်တန်းသူ၏ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူပူးတွဲလျက် အတွင်းရေးမှူး၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အမှတ်(၂၇)၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ သို့လိပ်မူ၍ မှတ်ပုံတင်စာဖြင့်ဖြစ်စေ၊ ကော်မရှင်ရုံးသို့ လာရောက်၍ဖြစ်စေ ပေးပို့နိုင်ပါသည်။

၄။ ကော်မရှင်အနေဖြင့် ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ရန် အတွက် အထက်ဖော်ပြပါ အပိုဒ် ၂(က)၊ (ခ)နှင့် (ဂ)တို့တွင် ဖော်ပြပါရှိသည့် အချက်များကို ပြည့်စုံစွာ ဖော်ပြရန် လိုအပ်ပါသည်။

၅။ တရားရုံးတစ်ရပ်ရပ်သို့ အမှုဖွင့်တိုင်တန်းထားပြီး အမှုများ၊ တရားရုံးတစ်ရပ်ရပ်က စစ်ဆေးဆဲ အမှုများနှင့် တရားရုံးတစ်ရပ်ရပ်က ဆုံးဖြတ်ချက် ချမှတ်ထားပြီးသော အမှုများနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များသည် ဤကြော်ငြာစာတွင် အကြုံးဝင်ခြင်း မရှိပါ။

၆။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် လက်ခံရရှိသော တိုင်တန်းချက်များကို စိစစ်ရာတွင် လိုအပ်ပါက တိုင်တန်းသူအား ခေါ်ယူတွေ့ဆုံမေးမြန်းမည် ဖြစ်ပါသည်။

၇။ နိုင်ငံသားတစ်ဦးသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏မူလအခွင့်အရေး ဖောက်ဖျက်ခံရသည်မှာမှန်ကန်ကြောင်း စိစစ်တွေ့ရှိရပါက ကော်မရှင်အနေဖြင့် နိုင်ငံသားများ၏ မူလအခွင့်အရေးများ မြှင့်တင်ရေးနှင့် ကာကွယ်ရေးတို့အတွက် ကော်မရှင်၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်